Burmese | မြန်မာစာ

## နောက်အဆင့်များ

စုံစမ်းမေးမြန်းရန် သို့မဟုတ် သင့်ကလေးအတွက် ရနိုင်မရနိုင် သိရှိရန် QRကုဒ်ကို စကန်ဖတ်ပါ။

bitly

သို့တည်းမဟုတ် အောက်ပါတို့မှ ဆက်သွယ်ပါ-

**ဖုန်း-** ၁၃၀၀ ၀၃၀ ၆၅၅

**အီးမေးလ်-** inklings@thekids.org.au

**ဝဘ်ဆိုဒ်-** inklings.org.au

မွေးစအရွယ်မှ အသက်ငါးနှစ်အထိ ကလေးများအား ပုံမှန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးမှုစစ်ဆေးရေးများကို လုပ်ဆောင်ရန် အကြံပြုထားသည်။

သင့်ကလေးအတွက် စစ်ဆေးလိုပါက သင့်ဒေသခံ ကလေးနှင့် မိသားစုကျန်းမာရေး ဝန်ဆောင်လုပ်ငန်းသို့ ဆက်သွယ်ပါ-

**ဝဘ်ဆိုဒ်-** cafhs.sa.gov.au

**ဖုန်း-** ၁၃၀၀ ၇၃၃ ၆၀၆





The KIDS Research Institute Australia

Inklings®



# သြစတြေးလျတောင်ပိုင်းရှိ အစောပိုင်း ပတ်ဝန်းကျင်နှင့် ဆက်သွယ်မှု တမူထူးခြားသည့်ကလေးများကို ကူညီပေးမည့် အစီအစဉ်

Government of South Australia

Australian Government
Department of Social Services



## Inklings အစီအစဉ်အကြောင်း

Inklings သည် ပတ်ဝန်းကျင်ဆက်ဆံရေးနှင့် ဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အစောပိုင်းနောက်ကျနေသော အသက် ၆-၁၈လအရွယ်ကလေးငယ်များအတွက် မိသားစုများနှင့် ပြုစုစောင့်ရှောက်သူများအား ကူညီပေးသောအစီအစဉ် ဖြစ်ပါသည်။

Inklings အစီအစဉ်သည် မိသားစုများနှင့် ပြုစုစောင့်ရှောက်သူများအား ၎င်းတို့၏ရင်သွေးအား နားလည်ရန်နှင့် ဆက်ဆံဆက်သွယ်ရေးတွင် ပိုမိုယုံကြည်မှုရှိစေရန် ကူညီပေးနိုင်ပါသည်။

ဤအစီအစဉ်သည် နေ့စဉ်အချိန်များအတွင်း ပြုစုစောင့်ရှောက်သူနှင့် ကလေးဆက်ဆံပုံ ဗီဒီယိုအတိုများ အသုံးပြုပါသည်။ ထိုဗီဒီယိုများသည် ပြုစုစောင့်ရှောက်သူများအား ၎င်းတို့၏ကလေးနှင့် ဆက်ဆံဆက်သွယ်ရန် နည်းသစ်များကို ကူညီရှာဖွေပေးနိုင်ပါသည်။

ဤအစီအစဉ်ကို သင်တန်းဆင်းကျွမ်းကျင်သူများက ပြုလုပ်ပေးပြီး ကလေးဆက်ဆံဆက်သွယ်မှုနှင့် ဖွံ့ဖြိုးမှုအတွက် နှစ်ပေါင်းများစွာ သုတေသနပြုမှုအပေါ် အခြေခံထားပါသည်။ Inklings သည် နှစ်ပတ်ခြား၁၀ကြိမ် ပြုလုပ်မည့် အစီအစဉ် ဖြစ်သည်။

## SA ရှိ Inklings အစီအစဉ်

Inklings အစီအစဉ်များကို တယ်လီကျန်းမာရေး အပါအဝင် နေရာမျိုးစွာတွင် ရရှိနိုင်ပြီး သင့်ကျွမ်းကျင်သူရှိမည့် နေရာပေါ်မူတည်နိုင်ပါသည်။

ဤအစီအစဉ်ကို ဩစတြေးလျအစိုးရ လူမှုရေးဝန်ဆောင်လုပ်ငန်းဌာနနှင့် ဩစတြေးလျအစိုးရတို့မှ ထောက်ပံ့ထားပါသည်။

## Inklings က မည်သူ့အတွက်နည်း။

**သင့်ကလေးသည် အောက်ပါတို့ ဖြစ်နေပါက၊ Inklingsမှ အကျိုးကျေးဇူး ရရှိနိုင်သည်-**

- သင့်ကလေးသည် အသက် ၆ လမှ ၁၈လကြား ဖြစ်ပါက
- သင့်ကလေး၏ ပတ်ဝန်းကျင် သို့မဟုတ် ဆက်ဆံဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုတွေ့ရှိချက်များအကြောင်း သင့်ဆရာဝန်က သင်နှင့် ဆွေးနွေးထားပါက
- သင် သို့မဟုတ် သင့်ကလေးနှင့် အကျွမ်းတဝင်ရှိသူက ကလေး၏ ပတ်ဝန်းကျင်နှင့် ဆက်ဆံ ဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုအကြောင်း သိလိုပါက
- သင့်ကလေးတွင် ဆက်ဆံဆက်သွယ်ရေးတွင် မတူထူးခြားအချို့ရှိပါက ဥပမာ၊ ကလေးများသည်
  - သင့်ကို ပြန်ပြုံးပြပါသလား။
  - တူတူရေဝါးကဲ့သို့သော သင်နှင့်အတူ အပျော်ကစားနည်းများတွင် လိုက်လုပ်ပါသလား။ သို့မဟုတ် လက်ခုပ်တီးခြင်း၊ လက်ဝှေ့ယမ်းခြင်းကဲ့သို့ အမူအရာများ လုပ်ပါသလား။
  - သူတို့နာမည်ခေါ်ပါက ပြန်ထူးပါသလား။
  - မြင်သမျှကို လိုက်လုပ်ခြင်း သို့မဟုတ် ပစ္စည်းများကို လက်ညှိုးထိုးခြင်း လုပ်ပါသလား။

## အဓိကအချက်များ

- Inklings အစီအစဉ်သည် သင်နှင့် သင့်ကလေးငယ်၏ ဗီဒီယိုတိုများကို အသုံးပြုပါသည်
- သင့်ကလေး၏ ဆက်ဆံဆက်သွယ်မှုပုံစံကို သိရှိပြီး၊ ကလေးကို ပြန်တုံ့ပြန်ရာတွင် ယုံကြည်မှုရှိလာစေရန် ဗီဒီယိုများသုံး၍ ကျွမ်းကျင်သူသည် သင်နှင့်အတူ ဆောင်ရွက်ပါမည်။

*SA ရှိ Inklingsတွင် ပါဝင်မည့် ရနိုင်ခွင့်ရှိသောမိသားစုများတွင် ထပ်ဆောင်းငွေ မပေးရပါ။*

